ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး
**ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့**
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

**သတင်းထုတ်ပြန်ချက်**
**၂၀၁၅ ခုနှစ် စက်တက်ဘာ (၂၁)**

**ဝင်ရောက်နှောက်ယှက်မှုများမရှိ၊ ပထမရက်သတ္တပတ်အတွင်း ပြည်သူလူထုပါဝင်နည်းပါး၊ မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြင့်တင်ရန်လိုသည်ကို PACE မှလေ့လာတွေ့ရှိ**

တစ်နိုင်ငံလုံးမဲဆန္ဒရှင်ကြေညာပြသမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရန် People's Alliance for Credible Elections (PACE) မှ ကာလရှည်စောင့်ကြည့်လေ့လာသူစုစုပေါင်း (၁၁၀) ဦးကို စက်တင်ဘာလ (၁၄) ရက်နေ့မှ စတင်၍ မြို့နယ်ပေါင်း (၁၁၀) သို့စေလွှတ်ခဲ့ပါသည်။ စက်တင်ဘာလ (၁၄) ရက်မှ (၂၀) ရက်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ကျေးလက်ဒေသ နှင့် မြို့ပြရှိ မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာပေါင်း (၄၂၁) နေရာကို စောင့်ကြည့်လေ့လာခဲ့ပါသည်။ ပထမရက်သတ္တပတ် စောင့်ကြည့်လေ့လာမှုတွင် မည်သည့်ခြိမ်းခြောက်မှု (သို့မဟုတ်) ဝင်ရောက်နှောက်ယှက်မှုများ ကို မတွေ့ရသည့်အပြင် လိုအပ်သည့် ပုံစံများလည်းပြည့်ပြည့်စုံစုံ ရှိသည်ကိုတွေ့ရသည်။ သို့သော် နေရာတော်တော်များများတွင်မူ သတ်မှတ်ထားသည့် နေ့ရက်နှင့် အချိန်အတိုင်း ကြေညာပြသမှု မရှိသည်ကိုတွေ့ရသည်။ ထို့အပြင် မဲဆန္ဒရှင်များ၏ ပါဝင်မှုမှာ အတော်နည်းပါးသည်ကို တွေ့ ရပြီး၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့်လည်း ပြသမှုဖြစ်စဉ်တွင်ပါဝင်မှုဆောင်ရွက်မှု နည်းပါးသည်ကိုလည်းတွေ့ရပါသည်။ မဲဆန္ဒရှင်ပညာပေးဆိုင်ရာ စာရွက်စာတမ်းပစ္စည်းများနှင့် အသိပေးလှုံ့ဆော်မှုများ နည်းပါးသည်ကိုတွေ့ရသည်။ သို့ဖြစ်ပါ၍ နောက်ဆုံးကျန်ရှိနေသေးသည့် ရက်သတ္တပတ် (၁) ပတ်အတွင်း မဲဆန္ဒရှင်လာရောက်ကြည့်ရှုမှုနှုန်း မြင့်တက်လာစေရန်အတွက် ကြေညာပြသရာနေရာများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် အသိပေးလှုံ့ဆော်မှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ကြရန် PACE မှ တိုက်တွန်းပါသည်။

PACE ၏ စောင့်ကြည့်လေ့လာမှု နည်းစနစ်အရ စောင့်ကြည့်လေ့လာသူများသည် မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာများတွင် ပြသမှုဖြစ်စဉ်ကို ပြသချိန်ပြီးဆုံးသည့်အချိန်အထိ စောင့်ကြည့်လေ့လာခဲ့ကြပါသည်။ သို့သော် မဲဆန္ဒရှင်စာရင်းရှိ အမည်များနှင့် အချက်အလက်များကို စစ်ဆေးမှုများပြုလုပ်ခြင်းမရှိခဲ့ပါ။ စက်တင်ဘာလ (၁၈) ရက်နေ့မှလွဲ၍ စောင့်ကြည့်လေ့လာမှုများကို ရက်သတ္တပတ်လုံးဆောင်ရွက်ခဲ့ကြပါသည်။

စောင့်ကြည့်လေ့လာရာနေရာများတွင် မသက်ဆိုင်သည့်သူများမှ ဝင်ရောက်နှောက်ယှက်သည်ကို အနည်းငယ်သာ တွေ့ရသည်။ စောင့်ကြည့်လေ့လာရာနေရာများ၏ (၉၂) ရာခိုင်နှုန်းတွင်လည်း လိုအပ်သည့်ပုံစံများ ပြည့်ပြည့်စုံစုံရှိသည်ကိုတွေ့ရှိရပါသည်။ သို့သော်လည်း စောင့်ကြည့်လေ့လာရာနေရာများ၏ (၁၉) ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်စာရင်းကြေညာပြသမှုကို ကော်မရှင်က သတ်မှတ်ထားသည့် နေ့ရက်နှင့် အချိန်အတိုင်း စတင်ကြေညာပြသခြင်း မရှိသည်ကိုတွေ့ရသည်။

မဲဆန္ဒရှင်များပါဝင်မှုနှင့် အသိပညာပေးလုပ်ငန်းများ ပျံ့နှံ့မှုနည်းပါးပြီး ရက်သတ္တပတ် (၁) ပတ် သာကျန်ရှိနေသည့်အတွက် မဲဆန္ဒရှင်စာရင်းကြေညာပြသမှုနှင့်ပတ်သက်၍ PACE အနေဖြင့် စိုးရိမ်ပူပန်လျှက်ရှိပါသည်။ ကြေညာပြသရာနေရာ များတွင် မဲဆန္ဒရှင်များ လာရောက်ကြည့်ရှုမှု နည်းပါးပြီး၊ မဲဆန္ဒရှင်စာရင်း ဖြည့်စွက်သူ၊ ကန့်ကွက်သူ ၊ ပြင်ဆင်သူအရေအတွက် နည်းပါးသည်ကိုလည်းတွေ့ရသည်။ ခန့်မှန်းခြေအားဖြင့် စောင့်ကြည့်လေ့လာခဲ့သည့်နေရာများ၏ (၄၂) ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းနှင့် အသိပညာပေးစာရွက် စာတမ်း

များ၊ ပစ္စည်းများကို ကြေညာပြသရာနေရာနှင့် အနီးတဝိုက်တွင်မတွေ့ရချေ။ ထို့အပြင် စောင့်ကြည့်လေ့လာရာနေရာများ၏ (၈၇) ရာခိုင်နှုန်း တွင် နိုင်ငံရေးပါတီဝင်များနှင့် (၇၉) ရာခိုင်နှုန်းတွင် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို မတွေ့ရှိရချေ။

ယေဘူယျအားဖြင့် မဲဆန္ဒရှင်စာရင်းကြေညာပြသသည်ကို ဝင်ရောက်နှောက်ယှက်ခြင်းများမရှိသည့် အပြင် လိုအပ်သည့် ပုံစံများ အလုံအလောက်ရှိသည်ကိုတွေ့ရှိရသည့်အတွက် မဲဆန္ဒရှင်များအတွက် ကောင်းမွန်သည့် အခြေအနေတစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ကျန်ရှိနေသည့် ရက်သတ္တပတ်တွင် မဲဆန္ဒရှင်ပါဝင်မှုမြင့်မားလာစေရန်အတွက် နည်းလမ်းပေါင်းစုံသုံး၍ ဖြေရှင်းရန်လိုအပ်ပြီး ကြေညာပြသမှုများကို သတ်မှတ်ထားသည့် အချိန်အတိုင်းဖွင့်လှစ်ရန်နှင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကို အရှိန်မြင့်ဆောင်ရွက်ရန် PACE အနေဖြင့် အကြံပြုလိုပါသည်။

ဆက်သွယ်ရန်။
စိုင်းရဲကျော်စွာမြင့်(အမှုဆောင်ဒါရိုက်တာ)
syksmyint@pacemyanmar.org
၀၉ ၂၅၃ ၃၇၉ ၄၄၂